# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၃)၊ အမှတ်-၉၀

နိုဝင်ဘာ ၅ ရက်၊ ၂၀၁၉

## ကချင်ပြည်နယ်အခြေစိုက် သတင်းသမားများနှင့် မဏ္ဍိုင် ၃ ရပ်တို့ တွေ့ဆုံ




**အောက်တိုဘာ ၂၄၊ ၂၀၁၉**

ကချင်ပြည်နယ်အတွင်း သတင်းအချက်အလက် လျင်မြန်စွာရရှိနိုင်ရေးအတွက် စက်တင်ဘာလ ၃၀ ရက်နေ့က မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှကြီးမှူး၍ ကချင်ပြည်နယ်အခြေစိုက် သတင်းသမားများနှင့် မဏ္ဍိုင် ၃ ရပ်တို့ တွေ့ဆုံပွဲတစ်ခုကို ပြုလုပ်ခဲ့ကြသည်။

ကချင်ပြည်နယ်အခြေစိုက် အထက်ပါ မဏ္ဍိုင် ၃ ခုသို့ သတင်းသမားများမှ သတင်းရယူရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်နှင့်၊ ဥပဒေပြုရေးမဏ္ဍိုင်များမှ သတင်းထုတ်ပြန်ရာတွင် ပိုမိုလွယ်ကူအောင် ဆောင်ရွက်ပေးနိုင်ရေး စသည့်အချက်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ဥပဒေပြုရေး မဏ္ဍိုင်ကို မေးမြန်းရာတွင် လွှတ်တော်ဝက်ဘ်ဆိုဒ် Update မဖြစ်ခြင်း၊ လွှတ်တော်တွင်း ပြန်ကြားရေးတာဝန်ခံထားရှိပေးရန်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအား မေးခွန်းမေးမြန်းနိုင်ရန် ပြောရေးဆိုခွင့်ရှိသူထားရှိပေးရန်၊ လွှတ်တော်အစည်းအဝေး မေး/ဖြေ အချက်အလက်များအား ထုတ်ပြန်ပေးရန်၊ လွှတ်တော်အစည်းအဝေးပြီးချိန်တွင် သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ပေးရန် တောင်းဆိုခဲ့သည်။

ယင်းမေးခွန်းများအတွက် လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးခိန်နန်ဖုန်(ခ) ခန်လင်မှ ဖြေကြားပေးရာတွင် လွှတ်တော်ပြင်ပ သတင်းယူရာတွင် မိမိနှင့်တကွ လွှတ်တော်ဥက္ကဋ္ဌကိုယ်တိုင်ကခွင့်ပြုပေးထားကြောင်း၊ လွှတ်တော်ဝန်ထမ်းများအနေဖြင့် မည်သည့်အတွက် မပေးသည်ကို မေးမြန်းသွားမည်ဖြစ်ကြောင်း၊ အစီရင်ခံစာများတောင်းဆိုရာတွင် အဖြေမထွက်သေးသည့်အရာများအတွက် စိုးရိမ်ရကြောင်း၊ လွှတ်တော်မှအတည်မပြုသေးသည့်အရာများအား ထုတ်ပေးနိုင်ခြင်းမရှိကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဖုန်းနံပါတ်များ Update မဖြစ်ခြင်းဆိုသည်မှာ ဖြစ်နိုင်ကြောင်း၊ လွှတ်တော်အစည်းအဝေးပြီးတိုင်း သတင်းစာရှင်းလင်းပွဲပြုလုပ်ရန်မှာလည်း လွှတ်တော်ကိုယ်စားလှယ်များ အများစုသည် နယ်ဝေးမှလာရောက်ခြင်းဖြစ်သည့်အတွက် စုစည်းရန်မှာ မလွယ်ကူကြောင်း၊ မဏ္ဍိုင် ၃ ရပ်နှင့် တွေ့ဆုံပွဲလုပ်သည့်အခါမှသာ အကောင်းဆုံးဖြစ်ကြောင်း၊ မီဒီယာမှမေးမြန်းလာသည့် မေးခွန်းများအား ဖြေကြားပေးရန်လည်း လွှတ်တော်ကိုယ်စားလှယ်များကို ပြောကြားထားကြောင်း၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအား မေးမြန်းနိုင်ရန်အတွက်လည်း တာဝန်ခံ ဖြေကြားပေးမည့်သူ ထားရှိပေးမည်ဖြစ်ကြောင်း ဖြေကြားခဲ့သည်။

အစည်းအဝေးပြီးနောက် ကချင်ပြည်နယ်မှ သတင်းထောက်များစုစည်းပြီး ကချင်ဂျာနယ်လစ်ကွန်ရက်ကို တည်ထောင်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှလည်း လိုအပ်ချက်များကို ကူညီသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**(ကိုးကား- မြစ်ကြီးနားသတင်းဂျာနယ်)**

# တင်ဒါရယူ၍ လုပ်ငန်းဆောင်ရွက်ခြင်းမရှိဘဲ တိမ်းရှောင်သွားသည့် ကုမ္ပဏီများရှိနေကြောင်း တိုင်းလွှတ်တော်ကိုယ်စားလှယ် ထောက်ပြ

**အောက်တိုဘာ ၂၇၊ ၂၀၁၉**

ပဲခူးတိုင်းဒေသကြီးတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၌ တည် ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် တင်ဒါရယူထားပြီး လုပ်ငန်းများ လုံး၀ ဆောင်ရွက်ခြင်းမရှိဘဲ တိမ်းရှောင်သွားသည့် ကုမ္ပဏီများရှိနေကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က ပြောဆိုသည်။

ပဲခူးမြို့နယ် ကျောက်တန်းကျေးရွာအုပ်စု၌ ဆောက်လုပ်နေသော စာသင်ကျောင်းနှင့် ကွမ်ပေါင်ကျေးရွာရှိ စာသင်ကျောင်းဆောင်မှာ သက်ဆိုင်ရာကုမ္ပဏီမှ လုပ်ငန်းဆောင်ရွက်ခြင်းမရှိဘဲ တိမ်းရှောင်သွားသည်ဟု တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က ပြောဆိုခဲ့သည်။

ထို့ပြင် ပဲခူးမြို့ ကုလားရိုက်ရိုးတံတား ဆောက်လုပ်ခြင်းနှင့် ရွှေဂူလေးတံတားဆောက်လုပ်ခြင်းများလည်း ရပ်ဆိုင်းထားရကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က ထပ်မံပြောဆိုထားပြီး အလားတူဖြစ်ရပ်မျိုး ဝေါမြို့နယ်နှင့် အခြားမြို့နယ်အချို့တွင်လည်း ဖြစ်ပေါ်လျက်ရှိသည်။

"တင်ဒါစည်းမျဉ်းစည်းကမ်းနဲ့အညီ အရေးယူသွားမှာပါ။ ဒီလိုဖြစ်ရပ်မျိုးတွေ ကြုံတွေ့လာရင် အလွယ်တကူ ဆက်သွယ်ဖြေရှင်းနိုင်ဖို့ ဒေသခံကုမ္ပဏီတွေနဲ့ တိုင်းဒေသကြီးက အခြား ကုမ္ပဏီတွေကို တင်ဒါ ဝင်ရောက်ယှဉ်ပြိုင်ပြီဆိုကတည်းက တိကျတဲ့အချက်အလက်တွေ စာရင်းပြုစုထားပါတယ်"ဟု ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောဆိုသည်။

"တင်ဒါခေါ်ယူမှုကို အောက်တိုဘာလမှစတင်ပြီး ဒီဇင်ဘာလမှာ အပြီးသတ် ရွေးချယ်ရတာဖြစ်ပါတယ်။ နှစ်စပိုင်း ဇန်နဝါရီလမှာ အလုပ်စတယ်ဆိုပေမယ့် တချို့ကုမ္ပဏီတွေကတော့ အထနှေးတာတွေ ရှိတယ်။ အဲ့ဒီတော့ မိုးတွင်းကာလနဲ့တိုးပြီး နှစ်ပတ်နဲ့ တစ်လခန့်ကြား ဆောင်ရွက်ရမယ့်လုပ်ငန်းတွေက သုံးလလောက်ကြန့်ကြာပြီး မိုးတွင်းကာလဖြစ်လို့ အလုပ်က ဆက်လုပ်လို့မရဘဲ ထိုင်ကြည့်နေရသလို ဖြစ်နေတယ်။ တချို့ကုမ္ပဏီတွေ အရှုံးပေါ်ပြီး လုပ်ငန်းရပ်ဆိုင်းသွားတာတွေ ရှိပါတယ်။ ဒါတွေကို ကြိုတင်ပြင်ဆင်ဖို့၊ သေချာပြုပြင်ပေးဖို့ လိုအပ်ပါတယ်"ဟု ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောဆိုသည်။

**(ကိုးကား - မြန်မာတိုင်းမ်နေ့စဉ်)**

---

# ကျူးကျော်များကို မွန်ပြည်နယ်စည်ပင်မှ အရေးယူမှုအားနည်းဟု မွန်လွှတ်တော်စစ်တမ်းက ဆို

**အောက်တိုဘာ ၂၄၊ ၂၀၁၉**

မွန်ပြည်နယ်တွင် လမ်းနှင့်ပန်းခြံနယ်နိမိတ်များကို ကျူးကျော်ဆောက်လုပ်ထားသော အဆောက်အအုံများကို စည်ပင်သာယာရေးအဖွဲ့မှ အရေးယူမှုအားနည်းနေကြောင်း ပြည်သူလူထုအပေါ် အခြေခံကောက်ယူထားသော လွှတ်တော်စစ်တမ်းတစ်ရပ်က ပြောသည်။

ငြိမ်းဖောင်ဒေးရှင်းနှင့် Sandhi Governance Institute တို့၏ နည်းပညာပံ့ပိုးမှုဖြင့် မွန်ပြည်နယ်လွှတ်တော်က ဦးဆောင်ပြီး လူဦးရေ ၃၀၀ ကို ကောက်ယူခဲ့သော အဆိုပါစစ်တမ်းတွင် စည်ပင်သာယာရေးအဖွဲ့၏ ကျူးကျော်များကို အရေးယူဖယ်ရှားမှုမတွေ့ရှိရကြောင်း ၆၈ ရာခိုင်နှုန်းက ဖြေဆိုခဲ့သည်။

"ဥပမာ အမိုက်ပစ်သွားတယ် ဘယ်သူပစ်သွားမှန်းမသိဘူး ဒဏ်ရိုက်ရတာခက်တယ်၊ ဒါလက်ခံတယ်၊ ဒါပေမယ့် အဆောက်အဦးဆောက်လုပ်တဲ့အပိုင်းနဲ့ ပတ်သက်ပြီးတော့ စည်းမဲ့ကမ်းမဲ့ အဆောက်အဦးဆောက်တာ စည်ပင်သာယာနယ်နိမိတ်ထဲမှာ သတ်မှတ်ထားတဲ့ခွင့်ပြုမိန့်ကို မယူဘဲနဲ့ အဆောက်အဦး ဆောက်လုပ်တဲ့ဟာတွေလည်း ဥပဒေမလိုက်နာခြင်းတစ်မျိုးပဲ ဒီဟာတွေကို အရေးယူမှုမရှိတဲ့အခါကျတော့ ထပ်ခါထပ်ခါ ကျူးလွန်ချင်ကြတဲ့ အနေအထားတွေ ရှိတယ်။ အဲတော့ ဒါကကျတော့ ပြစ်မှုပြစ်ဒဏ်နဲ့ဆိုင်တယ် ဥပဒေအရ တရားစွဲလို့ရတယ် အရေးယူလို့ရတယ်။ သို့သော် တရားစွဲအရေးယူတာကို စည်ပင်သာယာရေးဌာနက လုပ်ဆောင်မှုနည်းတယ်ဆိုတာ စစ်တမ်းထဲမှာပါတယ်"ဟု မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့က ပြောသည်။

စည်ပင်သာယာဧရိယာတွင် ရှိသည့် ကျူးကျော်များကို စည်ပင်မှနှင်ထုတ်ရမည်ဖြစ်ပြီး အချို့နေရာများတွင် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လမ်းဦးစီးဌာန၊ ယာဉ်ထိန်းရဲ စသည်တို့နှင့် ညှိနှိုင်းရမည်ဖြစ်ပြီး ဌာနအချင်းချင်း ချိတ်ဆက်မှုအားနည်းနေသည်ကို တွေ့ရှိရကြောင်း ၎င်းက ဆိုသည်။

မွန်ပြည်နယ် စည်ပင်သာယာရေးဥပဒေကို ၂၀၁၇ ခုနှစ်တွင် ပြည်နယ်လွှတ်တော်မှ ပြဋ္ဌာန်းခဲ့သော်လည်း အပြည့်အ၀အကောင်အထည်မဖော်နိုင်သေးသည်ကို တွေ့ရကြောင်း ငြိမ်းဖောင်ဒေးရှင်းမှ ဦးတက်ထွန်းနိုင်က ပြောသည်။

စစ်တမ်းတွင် မေးခွန်းပေါင်း ၃၇ ခု ပါဝင်ပြီး လွန်ခဲ့သည့် ငါးနှစ်နှင့် နှိုင်းယှဉ်လျှင် မြို့/ရပ်ကွက်စည်ပင်သာယာရေး အခြေအနေမှာ ပိုကောင်းလာသည်ဟု ၈၆% က ဖြေဆိုထားပြီး ရေစီးရေလာအခြေအနေမှာ ယခင်ကထက် ပိုဆိုးလာကြောင်း ၃၅ ရာခိုင်နှုန်းက ဖြေဆိုထားသည်။

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမြင့်အောင်က "အားနည်းချက်တွေကိုကြားရတဲ့အချိန်မှာ ငါတို့ ဘာတွေထပ်လုပ်ရမလဲဆိုတဲ့ အတွေးခံစားမှုလေးတွေရပြီး ဒီအားနည်းချက်တွေအပေါ်မှာ စီမံချက်နဲ့ စီမံကိန်းနဲ့ ဘက်ဂျက်လျာထားမှုတွေ စီမံဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

**(ကိုးကား - မွန်သတင်းအေဂျင်စီ)**

# တပ်သိမ်းမြေနှင့်သက်ဆိုင်သော မေးခွန်းများ ပြည်နယ်လွှတ်တော်တွင် ကန့်သတ်ထား

**အောက်တိုဘာ ၂၅၊ ၂၀၁၉**

လုံခြုံရေး အကြောင်းပြချက်ကြောင့် တပ်မတော်က သိမ်းယူထားသည့် မြေယာများနှင့်ပတ်သက်ပြီး ပြည်နယ် လွှတ်တော်တွင် မေးမြန်းခွင့်မရကြောင်း ဖရူဆိုမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသဲရယ်ကပြောသည်။

တပ်သိမ်းမြေကိစ္စကို ပြည်ထောင်စု လွှတ်တော်တွင်သာ မေးမြန်းခွင့်ရှိကြောင်း ဆိုသည်။

"ဥပမာ- တပ်ဖြစ်ပြီဆို… ဒါက လုံခြုံရေးပေါ့၊ လုံခြုံရေးကိစ္စ ပြည်ထောင်စုမှာပဲလုပ်လို့ရတယ်ဆိုတဲ့ ဥပဒေရဲ့ပေးထားချက်အရ ကန့်သတ်ချက်ရှိတာပေါ့"ဟု ဦးသဲရယ်က ဆိုသည်။

လက်ရှိ ပြည်နယ်အတွင်း တပ်သိမ်းမြေနှင့်ပတ်သက်၍ ဒီမော့ဆိုမြို့နှင့် လွိုင်ကော်မြို့မှ တောင်သူအချို့မှာလည်း ရာဇသတ်ကြီး ပုဒ်မ ပုဒ်မ ၄၄၇ (ပိုင်နက်ကျူးကျော်မှု) ဖြင့်လည်းကောင်း၊ ပြည်သူ့ပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆/၁ သော်လည်းကောင်း တရားရင်ဆိုင်နေရသည်။

တပ်မှသိမ်းဆည်းထားသော မြေအနက် တောင်သူတွေ၏ မြေယာပုံစံ (၇) ရှိသည့်မြေများပါသွားသည့်အတွက် ပြီးခဲ့သည့် ၁၅ ကြိမ်မြောက် လွှတ်တော်အစည်းအဝေးတွင် ပြည်နယ်အစိုးရအနေဖြင့် မည်သို့ဆောင်ရွက်ထားကြောင်း မေးမြန်းခဲ့ရာ သက်ဆိုင်သည့်ဝန်ကြီးဖြေကြားသည့်အခါ လိုရင်းမရောက်ရှိကြောင်း ဦးသဲရယ်က ဆက်ပြောသည်။

"တပ်သိမ်းမြေထဲမှာ ပုံစံ (၇) ရှိနေတဲ့အတွက် အဲဒါကို ပြည်နယ်အစိုးရ ဒီအတွက် ဘယ်လိုလုပ်ပေးသလဲဆိုတဲ့ဟာက သူဖြေထားတာ တခြားစီဖြစ်နေတာပေါ့။ ဆိုတော့ ဒါကလည်း ကျွန်တော်တို့လိုချင်တဲ့ အဖြေမဟုတ်ဘူး"ဟု ၎င်းကဆိုသည်။

ပြည်နယ်လွှတ်တော်အဆင့်တွင် တပ်သိမ်းဆည်းမြေနှင့်ပတ်သက်ပြီး ဥပဒေအရ မေးမြန်းခွင့် ကန့်သတ်ခံနေရတာကြောင့် မည်သည့်အစိုးရတက်တက် တပ်ကပြန်လည်စွန့်လွှတ်မှသာ မြေပြန်ရရှိမည်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦးက သုံးသပ်ပြောဆိုသည်။

"အားလုံးက စစ်တပ်ကစွန့်လွှတ်မှ ပြန်ရမယ့်ဟာမျိုးတွေပဲ။ စစ်တပ်ကမစွန့်လွှတ်ရင် ပြန်ရစရာအကြောင်းမရှိဘူး။ ဘယ်အစိုးရပဲတက်တက် ဘယ်သူပဲဖြစ်နေဖြစ်နေ ရမှာမဟုတ်ဘူး"ဟု ဦးအောင်နိုင်ဦးကဆိုသည်။

လာမည့် ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် တပ်မှသိမ်းဆည်းထားသောမြေအားလုံးကို ပြည်သူလူထု ပြန်တောင်းဆိုသည့်အခါ တပ်မှစွန့်လွှတ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းသွားရန် ကြိုးစားသွားမည်ဟု ဦးသဲရယ်က ပြောသည်။

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့အထိ ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော်၊ တိုင်စာပစ်စာလေ့လာရေးအဖွဲ့သည် ပြည်သူလူထုထံမှတင်ပြတိုင်ကြားလာသည့် တိုင်ကြားစာ ၁၂၂ စောင်ရရှိခဲ့ပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ ဖြေရှင်းဆောင်ရွက်ရန် မှတ်ချက်ပြုထားသည့် တိုင်ကြားစာ ၉၄ စောင်၊ ဆောင်ရွက်ဆဲ တင်ပြစာ ၆ စောင်နှင့် တပ်သိမ်းမြေကိစ္စ တိုင်ကြားစာလည်း ပါဝင်သည်။

တပ်သိမ်းမြေကိစ္စတွင် ဒေါဆိုရှေးကျေးရွာနှင့် အမတ ၃၆၀ တပ် မြေယာအမှုကိစ္စနှင့်ပတ်သက်၍ ဆိုင်းငံ့ထားရန် မှတ်ချက်ပြုထားသည့် တင်ပြစာ ၁ စောင် ရှိကြောင်း တိုင်စာပစ်စာလေ့လာရေးအဖွဲ့၏ ၃ နှစ်တာကာလအတွင်း တိုင်ကြားစာများအပေါ် ဆောင်ရွက်ထားရှိမှု အစီရင်ခံစာအရသိရသည်။

**(ကိုးကား-ကန္တာရဝတီတိုင်း(မ်))**

# အိန္ဒိယမှထောက်ပံ့ငွေ ကန်ဒေါ်လာ ၂၅ သန်းကိစ္စ ရခိုင်လွှတ်တော်တွင် မေးမြန်း

**စက်တင်ဘာ ၂၅၊ ၂၀၁၉**

အိန္ဒိယမှထောက်ပံ့သော အမေရိကန်ဒေါ်လာ ၂၅ သန်းကို ရခိုင်ပြည်နယ်ရှိ ဒေသခံပြည်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းရန် မည်သို့သုံးစွဲသည်ကို ရခိုင်ပြည်နယ်လွှတ်တော်တွင် ကိုယ်စားလှယ်တစ်ဦးက မေးမြန်းခဲ့သည်။

ယင်းမေးခွန်းကို စက်တင်ဘာလ ၂၄ ရက်နေ့ ရခိုင်ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်သန်းစိန် (ခ) ဦးမောင်မောင် (ကျောက်တော် မဲဆန္ဒနယ် - ၂) က မေးမြန်းခဲ့ခြင်းဖြစ်သည်။

"ထောက်ပံ့လှူဒါန်းတဲ့ ဒေါ်လာ ၂၅ သန်းထဲက ၅ နှစ်အတွင်း မြို့နယ်တွေရဲ့ရငွေ ဒေါ်လာ ၁၃.၅၄၃၄၂၇ သန်းကို ၁၇ မြို့နယ်အတွင်း ၅ နှစ်အတွင်း သုံးမယ်လို့ စာရင်းဇယားထဲမှာဖော်ပြထားပြီးတော့ ကျန် ၁၁.၄၅၆၅၇၃ ကို ဘယ်လိုစီမံဆောင်ရွက်သလဲဆိုတာ ဖော်ပြတာမရှိတဲ့အတွက် ယခုလို မေးမြန်းရခြင်းဖြစ်ပါတယ်" ဟု ဦးမောင်သန်းက လွှတ်တော်တွင်ပြောသည်။

ယင်းမေးခွန်းနှင့်ပတ်သက်ပြီး ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက "မောင်တောမှာ ဟိန္ဒူတွေနေထိုင်ဖို့အတွက် နေအိမ်အလုံး ၂၅၀ ဆောက်တာက ဒေါ်လာ ၄ သန်းလောက်ကုန်ပါတယ်။ ပြည်ထောင်စုလူကယ်ပြန်ဝန်ကြီးရဲ့ အစီအစဉ်နဲ့ ပြည်ထောင်စု/ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တွေပါဝင်တဲ့ အစည်းအဝေးကနေ ဖွံ့ဖြိုးမှုစီမံကိန်း ၂၂ ခု ဆွဲထားတာ ရှိပါတယ်။ အဲ့ဒီအတွက် ၄ သန်းလောက် ကုန်ပါတယ်။ လက်ရှိ ၁၇ သန်းကျန်ပါတယ်"ဟု ဖြေကြားခဲ့သည်။

ရခိုင်ပြည်နယ်အစိုးရအနေဖြင့် ဘဏ္ဍာအခွန်နှင့်ပတ်သက်၍စီမံကိန်းတစ်ခုလုပ်သည့်အခါ ၎င်းစီမံကိန်းမှ ပြန်လည်အကျိုးကျေးဇူးရရှိနိုင်မည့်လုပ်ငန်းများကို ရွေးချယ်သင့်ကြောင်းကိုလည်း မေးခွန်းမေးမြန်းသူ ဦးမောင်သန်းစိန်က အကြံပြုပြောဆိုခဲ့သည်။

**(ကိုးကား- နိုရဲ့ရာ)**